# စစ်အုပ်စုထိန်းချုပ်ထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အား ဖျက်သိမ်းခြင်း - SAC-M မှ NUG ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်သည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်။

စစ်အုပ်စုထိန်းချုပ်ထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC) အား ဖျက်သိမ်းရန် မြန်မာနိုင်ငံ၏ တရားဝင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံဆိုင်ရာအထူး အကြံပေးကောင်စီ (SAC-M) မှ ကြိုဆိုလိုက်ပါသည်။

SAC-M သည် NUG အား ပျက်ပြယ်သွားပြီဖြစ်သော MNHRC ကို အစားထိုးရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတခုအဖြစ် တရားမျှတပြီးလွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်း (NHRI) အသစ်တခုကို နှောင့်နှေးခြင်းမရှိဘဲဖွဲ့စည်းရန် တိုက်တွန်းပါသည်။

MNHRC ကို ၂၀၁၁ ခုနှစ်တွင် အရပ်သားတပိုင်းအစိုးရဖြစ်သည့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် အာဏာသိမ်းရန်ကြိုးပမ်းမှုအပါအဝင် နောက်ပိုင်းနှစ်များတွင် မြန်မာ စစ်တပ်မှကျူးလွန်ခဲ့သော ကြောက်မက်ဖွယ်ကောင်းသော အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ဖျက်သိမ်းရန် ဆုံးဖြတ်ချက်သည် Global Alliance of National Human Rights Institutions (GANHRI) ၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ဆုံးဖြတ်ချက်အရ ထွက်ပေါ်လာခြင်းဖြစ်ပြီး GANHRI ၏ ဆုံးဖြတ်ချက်မှာ MNHRC ၏ အသိအမှတ်ပြုအဆင့်အတန်းကို တရားဝင်ရုပ်သိမ်းရန်နှင့် ၎င်း၏ကွန်ရက်မှ ဖယ်ရှားရန် ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ NHRI များကို အသိအမှတ်ပြုသည့် GANHRI အနေနှင့် MNHRC သည် ပါရီမူများနှင့်မကိုက်ညီ ကြောင်း တွေ့ရှိခဲ့သည်၊ ပါရီမူများသည် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုခဲ့ပြီး NHRI များအား ယုံကြည်စိတ်ချရပြီး ထိရောက်မှုရှိသည်ဟု သတ်မှတ်ရန်လိုအပ်သော အနည်းဆုံးစံနှုန်းများ ဖြစ်သည်။

လက်တွေ့တွင် MNHRC ဖွဲ့စည်းပြီးချိန်မှစ၍ ၎င်း၏အဓိကလုပ်ဆောင်ချက်မှာ မြန်မာပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ရန်မဟုတ်ဘဲ ဖြစ်ရပ်မှန်များကိုဖုံးကွယ်ခြင်းဖြင့် စစ်တပ်၏ စက်ဆုပ်ဖွယ် ကောင်းသော လူ့အခွင့်အရေးမှတ်တမ်းအား သိက္ခာဆယ်ရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် များတွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် စစ်တပ်၏ လူမျိုးသုဉ်းသတ်ဖြတ်မှုတွင် ၎င်းကော်မရှင်သည် နှုတ်ဆိတ်နေခဲ့သည်။ အာဏာသိမ်းရန် ကြိုးပမ်းပြီးချိန်မှစ၍ အရပ်သားများအပေါ် စစ်အုပ်စု၏ လူ့အခွင့်အရေး

ချိုးဖောက်မှုများနှင့် ပြင်းထန်သော နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာစွပ်စွဲချက်များ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာသော်လည်း MNHRC သည် တကြိမ်မျှပင် သတိပေးနှိုးဆော်ခြင်း မရှိခဲ့ပေ။

MNHRC ၏အသိအမှတ်ပြုမှုကို ရုပ်သိမ်းရန် GANHRI ၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်သူများထဲမှ တဦးအဖြစ် စစ်တပ်၏ နိုင်ငံတကာပုံရိပ်ကို ဖြူဖွေးစေလိုသည့် ၄င်း၏ ကြိုးပမ်းမှုများကို ထိခိုက်စေသည့် သိသာထင်ရှားသော ဖြစ်ရပ်တခုဖြစ်သည်။

စစ်တပ်ကို ဖယ်ရှားပြီး မြန်မာနိုင်ငံသစ်တရပ်တည်ဆောက်ရန် လူထုဦးဆောင်သောလုပ်ငန်းစဉ်သည် ခရီးတွင်လျက်ရှိနေပြီး ၎င်းသည် အနှစ်သာရအားဖြင့် လူ့အခွင့်အရေးအတွက် အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုတရပ်ပင်ဖြစ်သည်။ ပါရီမူများကို လိုက်နာသော မြန်မာနိုင်ငံအတွက် တရားမျှတပြီး လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်း (NHRI) တရပ် ထူထောင်ခြင်းသည် မြန်မာပြည်သူအားလုံးအတွက် ခိုင်မာသော လူ့အခွင့်အရေးကာကွယ်မှုများအား ကြီးထွားရင့်သန်စေရေးတွင် အရေးကြီးသောခြေလှမ်းတခု ဖြစ်သည်။

SAC-M သည် စစ်အုပ်စုထိန်းချုပ်ထားသော MNHRC ခေါင်းဆောင်များကို ရာထူးမှ ထုတ်ပယ်ပြီးသည့်နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၎င်း၏လက်ထောက် ဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပါအဝင် တရားမဝင် မြန်မာစစ်တပ်၏ ရာဇဝတ်သား ခေါင်းဆောင်များကိုလည်း ရာထူးမှထုတ်ပယ်ပြီး စစ်တပ်ကို ဦးဆောင်ဖို့အလို့ငှာ တရားဝင် ခေါင်းဆောင်သစ်များအား ခန့်အပ်ရန် NUG အား တောင်းဆိုပါသည်။

ထို့အပြင် SAC-M သည် စစ်အုပ်စုထိန်းချုပ်ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ လွတ်လပ်၍ တရားမျှတပြီး စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပပေးသော အခါသမယအတွက်ပြင်ဆင်နိုင်စေရန်အလို့ငှာ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် အသစ်တရပ်အား ထူထောင်ရန်အတွက် NUG အား တောင်းဆိုလိုက်ပါသည်။